# အပင်ပိုးမွှားကာကွယ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

**အပင်ပိုးမွှားကာကွယ်သည့်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

**( အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၅၃ / ၂၀၂၆ )**

**၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်**

**(၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်)**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အပင်ပိုးမွှားကာကွယ်သည့်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ အပင်ပိုးမွှားကာကွယ်သည့်ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ည) နှင့် (ဋ) တို့တွင်ပါရှိသော **"လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန"**ဆိုသည့်စကားရပ်ကို "စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အပင်ပိုးမွှားကာကွယ်သည့်ဥပဒေတွင်ပါရှိသော **"မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း"**ဆိုသည့် စကားရပ်ကို "စိုက်ပျိုးရေးဦးစီးဌာန" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊**"ဦးဆောင်ညွှန်ကြားရေးမှူး"** ဆိုသည့် စကားရပ်ကို "ညွှန်ကြားရေးမှူးချုပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၄။ အပင်ပိုးမွှားကာကွယ်သည့် ဥပဒေပုဒ်မ ၁၆ တွင် ပုဒ်မခွဲ (က) နှင့် (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

(က) ပထမအကြိမ် ကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံးကျပ် "၅ သိန်း"မှ အများဆုံး ကျပ် "၂၅ သိန်း" အထိ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ခ) ထပ်မံကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံးကျပ် "၂၅ သိန်း"မှ အများဆုံးကျပ် "သိန်း ၅၀" အထိ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း။

၅။ အပင်ပိုးမွှားကာကွယ်သည့်ဥပဒေပုဒ်မ ၁၇ တွင် ပုဒ်မခွဲ (က)နှင့် (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(က) ပထမအကြိမ် ကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံးကျပ် "၂ သိန်း ၅ သောင်း" မှ အများဆုံးကျပ် "၁၅ သိန်း" အထိ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ခ) ထပ်မံကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံးကျပ် "၁၅ သိန်း"မှ အများဆုံး ကျပ် "၂၅ သိန်း"အထိ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ယာယီသမ္မတ